
### (၃) အော်တာနေးရီးယားရွက်ခြောက်ရောဂါ (Alternaria blight)

**ရောဂါဖြစ်စေသောသက်ရှိ -** ***Alternaria sesami*** **(E. Kawam.) Mohanty & Behera**

### ရောဂါလက္ခဏာ

အရွက်ပေါ်တွင် သေးငယ်သော၊ ဗဟိုတူစက်ဝိုင်းရစ်များပါသည့် လုံးဝိုင်းပုံ (သို့) ပုံသဏ္ဍာန်မမှန်သော အညိုရင့်ရောင်ရေစိုနာဒါဏ်ရာ ကွက်များဖြစ်ပေါ်သည်။ ရာသီဥတု အခြေအနေပေး၍ ရောဂါ ပြင်းထန်ပါက ရောဂါကွက်သည်ကြီးမားလာသည်။ အပင်၏ အစိတ်အပိုင်းအားလုံး၊ အရွယ်အားလုံးတွင်ကျရောက်တတ်သည်။ အရွက်ကြွေခြင်း၊ ပြင်းထန်ပါက အပင်သေခြင်းများ ဖြစ်တတ်သည်။






### ကာကွယ်နှိမ်နင်းနည်းများ

- ခံနိုင်ရည်ရှိသော နှမ်းမျိုးကို စိုက်ပါ။
- အခြားသီးနှံများနှင့်သီးလှည့်စိုက်ပါ။
- ရေမဝပ်စေရန်ဆောင်ရွက်ပါ။
- ရောဂါရပင်ကြွင်းပင်ကျန်များကို ဖျက်ဆီးပါ။
- ရောဂါစတင်ကျရောက်ပါက အောက်ဖော်ပြပါ မှိုသတ်ဆေး တစ်မျိုးမျိုး အသုံးပြု ပက်ဖျန်းပါ။

- Myclobutanil (**မိုက်ကလိုဗျူသာနေး)၊** Mancozeb (မန်ကိုဇက်)**၊** Iprodione (အိုင်ပရိုဒီရုန်း)**၊** Chlorothalonil (ကလိုရိုသာလိုနေးလ်)၊ Thiophanate methyl (သိုင်အိုဖါနိတ်မိသိုင်း)